# ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
# ၂၀၁၃ ခုနှစ် ၊ တရားမကြီးအမှုအမှတ် - ၃၇၈

| | | |
|---|---|---|
| Golden Power Lamp Co, Ltd( အခွင့်ရကိုယ်စားလှယ် ဦးမင်းစိုး၊အထွေထွေမန်နေဂျာ ) | နှင့် | Myanmar Win Life Co,Ltd |
| ( တရားလို ) | | ( တရားပြိုင် ) |

တရားလိုအတွက် ။ ဦးဇော်ဇောနိုင်အောင် ၊ အထက်တန်းရှေ့နေ
တရားပြိုင်အတွက် ။ ဦးချစ်ကိုကို ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ၂၉ ရက်

Golden Power Lamp Co, Ltd က ၎င်း၏အခွင့်ရကိုယ်စားလှယ်ဖြစ်သော အထွေထွေ မန်နေဂျာ ဦးမင်းစိုးမှတဆင့် WIN AUTO PARTS ကုမ္ပဏီလီမီတက်အပေါ် RBI ကုန်အမှတ် တံဆပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ထားသောကုန်စည်များကို တရားပြိုင်ကုမ္ပဏီက မြန်မာနိုင်ငံဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်စေရန် ထာဝရတားမြစ်မိန့်ရလိုကြောင်း နှင့် နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၁၅၀၀ ရလိုကြောင်း စွဲဆိုသည်။

WIN AUTO PARTS ကုမ္ပဏီလီမီတက်အမည်ဖြင့် ချအပ်သောသမ္မာန်စာအတည်ဖြစ် သော်လည်း၊ လာရောက်ရန်ပျက်ကွက်သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့်၉၊ နည်းဥပဒေ ၆(၁) အရ ဆက်လက်ဆောင်ရွက်ခဲ့သည်။ တရားလို၏အခွင့်ရကိုယ်စားလှယ် ဦးမင်းစိုးနှင့် တရားလိုပြ သက်သေ(၁)ဦး စစ်ဆေးပြီးနောက် Myanmar Win Life Co,Ltdကိုယ်စား အရောင်းမန်နေဂျာ ဦးမောင်မောင်မြင့်က တရားမကျင့်ထုံးဥပဒေအမိန့်-၉ နည်းဥပဒေ-၇ အရအမှု၌ ရောက်ရှိသည့်ရုံးချိန်းတွင် တရားပြိုင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ ရုံးတော်မှ WIN AUTO PARTS ကုမ္ပဏီ လီမီတက်အစား Myanmar Win Life Co,Ltdကို တရားပြိုင်အဖြစ်ပါဝင်ခွင့်ပြုကြောင်း အမိန့်ချမှတ် ခဲ့၍ WIN AUTO PARTS ကုမ္ပဏီလီမီတက်နေရာတွင် Myanmar Win Life Co,Ltd အား တရားပြိုင်အဖြစ် ပြင်ဆင်ဆိုလွှာတင်သွင်းပြီး ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုလွှာတွင်တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ မှတ်ပုံ တင်အမှတ်- ၁၁၂၁/၂၀၀၆-၂၀၀၇ဖြင့် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ အခန်းအမှတ်(၄၃/ဘီ) တွင် တည်ဆောက်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်ကြောင်း တရားလိုကုမ္ပဏီ သည်ထိုင်းနိုင်ငံ အခြေစိုက် Rubber Intertrade Co, Ltd နှင့် ဆက်သွယ်၍ယင်းကုမ္ပဏီမှ RBI ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ထုတ်လုပ်သောမော်တော်ယာဉ် အင်ဂျင်နှင့် အခြား အစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ရာဘာအပိုပစ္စည်းများကို ၂၀၀၈ခုနှစ်မှစ၍ ဝယ်ယူတင်သွင်းရောင်းချခဲ့ကြောင်း၊ ဈေးကွက်အောင်မြင်ရေးအတွက် ကြော်ငြာလုပ်ငန်းအပါ အဝင် အရောင်းမြှင့်တင်ရေး၊ ဈေးကွက်ရှာဖွေရေးစသည့် လုပ်ငန်းများကိုလည်း တရားလိုကုမ္ပဏီ မှ ငွေကုန်ကြေးကျခံ၍ အချိန်ယူဆောင်ရွက်ခဲ့သောကြောင့် လူသိထင်ရှားအသုံးပြုလာကြောင်း

သို့ဖြစ်၍ တရားလိုကုမ္ပဏီက ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co, Ltd တာဝန်ရှိသူများနှင့်ဆက်သွယ်ပြီး RBI ကုန်အမှတ်တံဆိပ်ရာဘာပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းဖြန့်ဖြူးရောင်းချခွင့် ကိုယ်စားလှယ်အဖြစ်ခန့်အပ်ဆောင်ရွက်ပေးရန် တောင်းခံခဲ့ရာထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီက တရားလိုကုမ္ပဏီအား (၇-၄-၂၀၁၀)ရက်စွဲဖြင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးရှေ့မှောက်၌ တရားလိုအား တစ်ဦးတည်းဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ်ခန့်ကြောင်း သဘောတူလွှဲသည့်စာနှင့် RBI ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မူပိုင်ခွင့် ထိပါးချိုးဖောက်သူများအပေါ် အရေးယူဆောင်ရွက်ခွင့် အာဏာလွှဲအပ်သည့်စာတို့ကို လက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း၊ တရားလိုက မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလွှာစာချုပ်ကို မှတ်ပုံတင်စာချုပ်အမှတ် ၇၉၄/၂၀၁၃ဖြင့် ထိုင်းကုမ္ပဏီကိုယ်စား မှတ်ပုံတင်သွင်းကြေညာခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီက RBI ကုန်အမှတ်တံဆိပ်ကို တုပလျက်ထုတ်လုပ်ထားသော ရာဘာအပိုပစ္စည်းမျိုးစုံကို ရန်ကုန်မြို့ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချနေကြောင်းသိရ၍ သတင်းစာ၌ တားမြစ်သတိပေး ကြေညာချက်ထည့်သွင်းသကဲ့သို့ တရားပြိုင်ကုမ္ပဏီထံမှ တရားဝင်ပြေစာအထောက်အထားဖြင့် ဝယ်ယူမှုပြုခဲ့ကြောင်း တရားပြိုင်ကုမ္ပဏီသို့ အကြောင်းကြားစာပေးပို့သည့်အခါတွင် ဖွင့်ဖောက်ဖတ်ရှုပြီးပေးပို့စာ ပြန်လည်ပေးပို့ရုံသာမက ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချနေ၍ တရားလိုကုမ္ပဏီတွင် အရောင်းအဝယ်လျော့ကျခဲ့ကြောင်း၊ သို့ပါ၍ တရားပြိုင်ကုမ္ပဏီအပေါ် RBI ကုန်အမှတ်တံဆိပ်ကိုတုပ ပြုလုပ်ထားသောအလားတူကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန် ထာဝရတားမြစ်ပေးသည့်အမိန့် နှင့် တရားလိုကုမ္ပဏီ၏ နစ်နာမှုများအတွက် နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၁၅၀၀ရထိုက်ကြောင်း အဆိုပြုထားသည်။

တရားလို၏ရှေ့နေက သက်သေခံအထောက်အထားများအရ RBI ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော မော်တော်ယာဉ်သုံး ရာဘာအပိုပစ္စည်းအမျိုးမျိုးကို တရားလိုကုမ္ပဏာကသာလျှင် တစ်ဦးတည်းဖြန့်ဖြူးရောင်းချခွင့်ရှိသည်မှာ ထင်ရှားပြီး တရားလိုကုမ္ပဏီက ၂၀၀၈ခုနှစ်မှ စ၍ ငွေကြေးအကုန်အကျခံဆောင်ရွက်ပြီး စဉ်ဆက်မပျက်ဖြန့်ဖြူးရောင်းချခဲ့သဖြင့် မြန်မာနိုင်ငံဈေးကွက်အတွင်း အောင်မြင်မှုရထားပြီး ဈေးကွက်ခိုင်မာမှုရှိနေသည်မှာထင်ရှားကြောင်း၊ တရာလိုကမူပိုင်ခွင့်ရထားသော RBI ကုန်အမှတ်တံဆိပ်မော်တော်ယာဉ်သုံး ရာဘာအပိုပစ္စည်းများနှင့် ထက်တူ တုပထားသည့်ပစ္စည်းများကို WIN AUTO PARTS အရောင်းဆိုင်မှ ဖြန့်ဖြူးရောင်းချလျှက်ရှိကြောင်း စုံစမ်းသိရ၍ ဈေးကွက်အတွင်း လိုက်လံဖြေရှင်းဆောင်ရွက်ခဲ့ရသည်ဟု သက်သေထွက်ချက်များအရ ပေါ်ပေါက်ကြောင်း WIN AUTO PARTS ဆိုင်မှ ကုန်အမှတ်တံဆိပ်များရောင်းချကြောင်း ပြေစာအထောက်အထား(၃)စောင် သက်သေခံ(ည)တွင် ထင်ရှားစွာတွေ့နိုင်ကြောင်း သက်သေထင်ရှားစွာတွေ့နိုင်ကြောင်း တရားပြိုင်သည် အရည်အသွေးညံ့ဖျင်းသော RBI ကုန်အမှတ်တံဆိပ်တုဖြင့်ရောင်းချခဲ့ကြောင်း လိုပြမောင်သိန်းနိုင်၏ထွက်ချက်အရထင်ရှားကြောင်း WIN AUTO PARTSအနေဖြင့် ၊ ယင်းပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊နေပြည်တော်အစရှိသည့်မြို့ကြီးများသို့ အမြောက်အများ ရောင်းချမှုပြုကြောင်းကို သက်သေထွက်ချက်များအရ ပေါ်ပေါက်သဖြင့် တရားပြိုင်၏ပြုလုပ်မှုသည် တရားလို၏အကျိုးစီးပွါးကိုထိခိုက်စေသည်မှာ ထင်ရှားကြောင်း တရားပြိုင်၏ထိပါးခြင်းအတွက် တရားလို၏ အမှတ်တကယ်ပျက်စီးမှုကို သိသာစေ သည့် စံနှုန်းမရှိသည့်အပြင် ယင်းထိပါးမှုအပေါ် ငွေကြေးပေးလျော်စေခြင်းဖြင့် လုံလောက်သော သက်သာခွင့်မရနိုင်သဖြင့်သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ၅၄အရRBIကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းများကို တရားပြိုင်ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်စေရန် ထာဝရတားမြစ်ပိတ်ပင်စေသည့် အမိန့်ချမှတ်ပေးထိုက်ကြောင်း ၊ကုန်အမှတ်တံဆိပ်အမှုများတွင် တရားလိုအနိုင်ရပါက မိမိ

တံဆိပ်ကို တရားပြိုင်ထိပါးနှောက်ယှက်သည့်အတွက် မိမိနစ်နာရသည့် လျော်ကြေးကိုဖြစ်စေ၊ တရားပြိုင်၏ မတော်မတရားပြုမှုကြောင့်ရရှိသော အမြတ်အစွန်းများကိုဖြစ်စေ တောင်းဆိုခွင့်ရှိသည်ဟု စီရင်ထုံးများက လမ်းညွှန်ထားကြောင်း၊ တရားပြိုင်အနေဖြင့် ၎င်း၏မတော်မတရားပြုမှုကြောင့် အမြတ်အစွန်းများရသည့်နည်းတူ တရားလိုကုန်ပစ္စည်းများ အရည်အသွေးညံ့ဖျင်းသည်ဟုအထင်မှားစေခဲ့ခြင်းနှင့် ကုန်ပစ္စည်းရောင်းချမှု ပမာဏလျော့နည်းစေခြင်းအတွက် နစ်နာမှုလျော်ကြေးငွေလည်းရထိုက်ကြောင်း သို့ပါ၍ တရားလိုတောင်းဆိုသည့် သက်သာခွင့် ချမှတ်ပေးရန် တင်ပြသည်။

တရားပြိုင်၏ရှေ့နေက WIN AUTO PARTSအရောင်းဆိုင်လုပ်ငန်းသို့ သမ္မာန်စာချအပ်သူမှ ကိုယ်တိုင်လာရောက်ချအပ်ခြင်းမရှိဘဲ ဈေးတာဝန်ခံရုံးမှတဆင့် WIN AUTO PARTS ဆိုင်၏ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်မောင်တင်အားခေါ်ယူကာ သမ္မာန်စာကိုလက်ခံစေခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူကလက်ခံယူခြင်းမဟုတ်ဘဲ ဝန်ထမ်းတစ်ဦးကလက်ခံယူခဲ့ခြင်းဖြစ်၍ အတည်ဖြစ်သောသမ္မာန်စာမဟုတ်ကြောင်း၊ ၎င်းပြင်ရုံးတော်က အတည်ပြုခဲ့သော သမ္မာန်စာမှာ ယခင်တရားပြိုင် WIN AUTO PARTS Co, Ltd အပေါ်တွင်သာ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ယခုတရားပြိုင် Myanmar Win Life Co,Ltdအပေါ် အတည်ပြုခဲ့ခြင်းမဟုတ်ကြောင်း ထင်ရှား၍ သမ္မာန်စာအတည်မဖြစ်ဘဲ စစ်ဆေးကြားနာစေခဲ့သည့်အမှုဖြစ်ကြောင်း ၊ပြင်ဆင်အဆိုလွှာတွင် Myanmar Win Life Co,Ltdအပေါ် စွပ်စွဲချက်များကို မှင်နီတား၍ဖော်ပြထားမှုမရှိဘဲ တရားလို၏ထောက်ခံထွက်ဆိုချက်များမှာလည်း ယခင်တရားပြိုင်အပေါ်စွပ်စွဲထွက်ဆိုချက်သာဖြစ်ပြီး Myanmar Win Life Co,Ltd အပေါ် စွပ်စွဲခြင်းမဟုတ်၍ အဆိုလွှာတွင် မပါသောအကြောင်းအရာကို ဦးဂဖူးနှင့် ဦးစိန်မောင်ပါ ၂ အမှု[၁]ပါအတိုင်း ဖော်ထုတ်ဆုံးဖြတ်ခြင်းမပြုဘဲ အမှုကိုပလပ်သင့်ကြောင်း သက်သေခံစာရွက်စာတမ်းများအရ RBI ကုန်အမှတ်တံဆိပ်၏ ပိုင်ရှင် မှာ ထိုင်းနိုင်ငံရှိ Rubber Intertrade Co, Ltdဖြစ်ပြီး တရားလိုကုမ္ပဏီမှ တစ်ဦးတည်းဖြန့်ချီရေးအတွက် ကိုယ်စားလှယ်သာဖြစ်ကြောင်း တရားလိုသည် RBI ကုန်အမှတ်တံဆိပ်၏ မူလပိုင်ရှင်တစ်ဦးမဟုတ်သဖြင့် ကိုယ်တိုင်တရားလို ပြုလုပ်စွဲဆိုခွင့်မရှိဘဲ ထိုင်းကုမ္ပဏီ၏ အခွင့်ရကိုယ်စားလှယ်အဖြစ်သာ စွဲဆိုခွင့်ရှိမည်ဖြစ်ကြောင်း၊ RBI ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းများကို ဖြန့်ဖြူးရောင်းချသူများထံမှ ဝယ်ယူပြီး တဆင့်ပြန်လည်ဖြန့်ဖြူးရောင်းချခွင့်မရှိဟူ၍ ကန့်သတ်ချက်မရှိကြောင်း၊ အတုပြုလုပ်ရောင်းချခြင်းမဟုတ်ပါက၊ တဆင့်ပြန်လည်ရောင်းချခြင်းအပေါ် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်မည်မဟုတ်ကြောင်း၊ သက်သေခံ(ည)ပါ RBI ကုန်အမှတ်တံဆိပ် အမှတ်အသားပါပစ္စည်းများသည် အတုဖြစ်သည်ဟု တရားလိုမှ တင်ပြထားခြင်းမရှိကြောင်း၊ Workshop လုပ်သားဖြစ်သူ မောင်သိန်းနိုင်ကို သက်သေတင်ပြထားရာအမှုတွင် ပစ္စည်းအစစ်နှင့် ပစ္စည်းအတုဆိုသည်ကို တိကျစွာခွဲခြား တင်ပြခြင်းမရှိဘဲ နှုတ်သက်သေခံချက်သာရှိ၍ သက်သေခံ(ည)ဖြင့်ဝယ်ခဲ့သော ပစ္စည်းမှာ အတုဟုထွက်ချက်ကို လက်မခံသင့်ကြောင်း ကုန်အမှတ်တံဆိပ်အတုပြုလုပ် မှုဖြင့် ပြစ်မှုကြောင်းအရ အရေးယူခဲ့ခြင်းမရှိသကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ ဈေးကောင်စီတို့တွင် တိုင်ကြားအငြင်းပွါးမှုမရှိခဲ့ကြောင်း၊ ပေးပို့သောနို့တစ်စာမှာလည်း တရားလိုက ထိုင်းကုမ္ပဏီကိုယ်စားပေးပို့ခြင်းမဟုတ်ကြောင်း၊ အခွင့်ရကိုယ်စားလှယ်က မိမိထုတ်လုပ်ခြင်းမရှိသောပစ္စည်းကို မိမိပိုင်ပစ္စည်းအဖြစ်စွဲဆိုခြင်းသာဖြစ်၍ အမှုကိုပလပ်သင့်ကြောင်း တင်ပြသည်။

တရားလို၏အဆိုလွှာ၊ ၎င်း၏အခွင့်ရကိုယ်စားလှယ် အထွေထွေမန်နေဂျာဦးမင်းစိုး၏ ထွက်ချက်၊ သက်သေခံ(ခ)တို့အရ တရားလို Golden Power Lamp Co, Ltdသည် မြန်မာနိုင်ငံ

---

[၁] ၁။၁၉၉၁ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၄၆

ကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ ဖြစ်သည်၊ ၂၀၀၈ခုနှစ်မှစတင်ပြီး ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co, Ltdမှ ထုတ်လုပ်သော RBI ကုန်အမှတ်တံဆိပ်ပါမော်တော်ယာဉ်အင်ဂျင်နှင့်အခြားအစိတ်အပိုင်းများတွင် ထည့်သွင်း အသုံးပြုသည့် ရာဘာအပိုပစ္စည်းများကို ဝယ်ယူတင်သွင်းရောင်းချပြီး ငွေကြေးအကုန်အကျခံလျှက် ဈေးကွက်ရှာဖွေရေး အရောင်းမြှင့်တင်ရေးများဆောင်ရွက်ခဲ့သည်။ ၇-၄-၂၀၁၀ ရက်နေ့တွင် သက်သေခံ(ဃ)ဖြင့် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co, Ltd က ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဌာန ၊ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးရှေ့မှောက်၌ မြန်မာနိုင်ငံတွင် RBI ပစ္စည်းဖြန့်ချီရန်နှင့် အာဏာပိုင်အဖွဲ့တို့၌ Rubber Intertrade Co, Ltdအား ကိုယ်စားပြုရန်နှင့် RBI ကုန်အမှတ်တံဆိပ် တုပသူများအား တရားစွဲဆိုရန် တရားလို Golden Power Lamp Co, Ltd အား အာဏာကုန်လွှဲအပ်ကြောင်း သက်သေခံလက်မှတ်ကို ပေးအပ်ထားသည်။ ၎င်းပြင် ၁၅-၁၀-၂၀၁၂ ရက်စွဲပါသက်သေခံ(စ)ဖြင့် တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co, Ltd ၏တစ်ဦးတည်းကိုယ်စားလှယ် သဘောတူညီချက်နှင့် ဥပဒေအရအရေးယူဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ အဆိုပါစာချုပ်အပိုဒ်(၆) အရ တရားလိုကုမ္ပဏီအား ခန့်အပ်မှုသည် (၃)နှစ်ကာလဖြစ်ပြီး အပိုဒ်(၉)အရ ၁၀-၁၂-၂၀၁၂ ရက်နေ့မှ စတင်အကျိုးသက်ရောက်သည်ဖြစ်၍ ဤအမှုအားစွဲဆိုသည့် (၁၆-၇-၂၀၁၃) ရက်နေ့တွင် RBI ကုန်အမှတ်တံဆိပ်ပါ ရာဘာအပိုပစ္စည်းများနှင့်ပတ်သက်၍ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း ဥပဒေအရအရေးယူဆောင်ရွက်ခွင့်ရှိကြောင်း ထင်ရှားသည်။

တရားလိုကုမ္ပဏီ၏အခွင့်ရကိုယ်စားလှယ်ဦးမင်းစိုးက WIN AUTO PARTSမှ RBI တံဆိပ်ပါ ကားသုံးရာဘာအပိုပစ္စည်းများရောင်းချနေကြောင်း စုံစမ်းသိရသည်ဟုထွက်ဆိုခဲ့သည်။ ယင်းထွက်ချက်ကို လိုပြသက်သေအမှတ်(၁) ကိုသိန်းနိုင်၏ထွက်ချက်၊ သက်သေခံ(ည) WIN AUTO PARTS၏ အရောင်းပြေစာများကထောက်ခံလျှက်ရှိသည်။

ရုံးတော်မှ တရားလို၏မူလဆိုလွှာပါ WIN AUTO PARTS လိပ်စာဖြစ်သော ကျောက်တံတားမြို့နယ် ၊ ၃၉လမ်း ၄၀လမ်းကြား၊အနော်ရထားလမ်း တိုက်အမှတ်-၇၀၅/၇၀၆ (စင်ထရယ်တာဝါအဆောက်အဦး)ဖြင့် ဆင့်ဆိုရာ အဆိုပါလိပ်စာတွင်မရှိတော့သဖြင့် အတည်မပြုနိုင်ခဲ့ပေ။ တရားလိုများမှ စုံစမ်း၍ပြန်လည်တင်ပြခဲ့သော ဘုရင့်နောင်ဈေးလိပ်စာဖြင့် ဆင့်ဆိုရာ အုပ်ချုပ်ရေးမှူးဟု ဖော်ပြပြီး ဦးမောင်မောင်တင်ဆိုသူက အဆိုပါဆင့်စာပေါ်လက်မှတ်ရေးထိုးချက်ဖြင့် အတည်ဖြစ်ခဲ့သည်။ ယင်းဆင့်စာတွင် ဦးမောင်မောင်တင်၏လက်မှတ်အပေါ်၌ လက်ခံရရှိကြောင်း ကုမ္ပဏီရုံးချုပ် WIN AUTO PARTS သို့ ငြင်းချက်ထုတ်ရန်သမ္မာန်စာကို ပေးပို့မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဆင့်စာအတည်ဖြစ်သော်လည်း လာရောက်ခြင်းမရှိသဖြင့် ရုံးတော်မှ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆အရ တစ်ဘက်သက်စစ်ဆေးနေစဉ် ယခုတရားပြိုင် Myanmar Win Life Co,Ltd ကတရားလိုစွဲဆိုသည့်အမှုသည် WIN AUTO PARTS Co, Ltd ဟုမှားယွင်းအမည်တပ်ထားသည့် ၎င်းတို့၏ဆိုင်ခန်းဖြစ်နေကြောင်း သိရသည့်အချိန်မှစတင်၍ ရောက်ရှိသည့် ရုံးချိန်းတွင် တရားပြိုင်အဖြစ် ပါဝင်ခွင့်ပြုရန် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊နည်းဥပဒေ ၇အရ လျှောက်ထားရာ ရုံးတော်မှခွင့်ပြုလျှက် အမှုကိုဆက်လက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

တရားပြိုင်၏ရှေ့နေမှ သက်သေခံ(ည)ဖြင့်ဝယ်ယူခဲ့သော RBI အမှတ်တံဆိပ်ပါပစ္စည်းများကို အတုများဟုမယူဆသင့်ကြောင်း တင်ပြခဲ့သော်လည်း တရားပြိုင်ကုမ္ပဏီ၏ လက်အောက် ခံ WIN AUTO PARTS မှ RBI အမှတ်တံဆိပ်ပါ ပစ္စည်းများရောင်းချခြင်းမရှိကြောင်း၊

လျှောက်လဲတင်ပြခဲ့ခြင်းမရှိပေ၊ RBI ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းများကို ဖြန့်ဖြူးရောင်းချသူများထံမှ ဝယ်ယူပြီးတဆင့်ပြန်လည်ရောင်းချခွင့်မရှိဟု ကန့်သတ်ချက်မရှိကြောင်း၊ အတုပြုလုပ်ရောင်းချခြင်းမဟုတ်ပါက တဆင့်ပြန်လည်ရောင်းချခြင်းအပေါ် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်မည်မဟုတ်ကြောင်း သာလျှောက်လဲတင်ပြခဲ့သည်။

တရားလိုဘက်မှတင်ပြသောသက်သေခံချက်များအရ တရားပြိုင် Myanmar Win Life Co,Ltd ၏လက်အောက်ခံဖြစ်သော WIN AUTO PARTS သည် တရားလို Golden Power Lamp Co, Ltdမှ မြန်မာနိုင်ငံတွင် တစ်ဦးတည်းဖြန့်ချိခွင့်ရရှိသော RBI အမှတ်တံဆိပ်ပါရာဘာအပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချခဲ့ကြောင်းထင်ရှားသည်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၅၄အရ တရားပြိုင်သည် ပစ္စည်း၌ တရားလို၏အခွင့်အရေးကို ဖြစ်စေ၊ တရားလို၏ခံစားခွင့်ကိုဖြစ်စေ၊ ထိပါးလျှင်သော်လည်းကောင်း၊ ထိပါးရန်ခြိမ်းခြိမ်းခြောက်လျှင်သော်လည်းကောင်း၊ တရားရုံးမှထာဝရတားဝရမ်းခွင့်ပြုနိုင်သည်။ အထက်ပါပုဒ်မ ၅၄၏ရှင်းလင်းချက်အရ ဤပုဒ်မအလို့ငှာကုန်တံဆိပ်သည် ပစ္စည်းဖြစ်သည်။

သို့ဖြစ်၍ တရားလိုတောင်းဆိုသည့်အတိုင်း RBI ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့်ထုတ်လုပ်ထားသော ကုန်စည်များကို တရားပြိုင်က မြန်မာနိုင်ငံဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်စေရန်အတွက် ထာဝရတားမြစ်မိန့်ရထိုက်သည်။

လိုပြ(၁)မောင်သိန်းနိုင်၏ထွက်ချက်အရ WIN AUTO PARTS သည် ၂၀၁၀ခုနှစ်ခန့်မှစ၍ RBI အမှတ်တံဆိပ်ပါရာဘာ အပိုပစ္စည်းများရောင်းချလျက်ရှိပြီး တရားလိုကုမ္ပဏီမှရောင်းချသည့် RBI ကုန် အမှတ်တံဆိပ်ပါပစ္စည်းများထက် အရည်အသွေးနိမ့်သည်ဟု ထွက်ဆိုထားသည်ကိုလည်းတွေ့ရသည်၊ သို့ဖြစ်၍ ရုံးတော်အနေဖြင့် တရားလိုကုမ္ပဏီမှတင်သွင်းဖြန့်ချိသော RBI ကုန် အမှတ်တံဆိပ်ပါပစ္စည်းများ၏ အရည်အသွေးဂုဏ်သတင်း ထိခိုက်နစ်နာစေမှု၊ တရားလိုကုမ္ပဏီ၏ RBI အမှတ်တံဆိပ်ပါပစ္စည်းများဖြန့်ဖြူးရောင်းချရေး ထိခိုက်မှု ရှိခဲ့ခြင်းများအပေါ် ချိန်ဆသုံးသပ်လျက် လျော်ကြေးပေးစေသင့်သည်ဟု သုံးသပ်သည်။

ထို့ကြောင့် တရားပြိုင်ကုမ္ပဏီသည် RBI ကုန် အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် တုပထုတ်လုပ်ထားသည့် မော်တော်ယာဉ်အင်ဂျင်သုံး ရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန် ထာဝရတားမြစ်ဝရမ်းထုတ်ဆင့်ပေးလိုက်သည်။ ၎င်းပြင်တရားပြိုင် Myanmar Win Life Co,Ltd သည် တရားလို Golden Power Lamp Co, Ltd သို့ နစ်နာမှုလျော်ကြေးငွေ ကျပ်သိန်း ၄၀၀ပေးလျော်စေရန် အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀ /- သတ်မှတ်သည်။

(ပုံ)xxxxxxx

( ကြည်ကြည်စိန်း )

တွဲဖက်ခရိုင်တရားသူကြီး(၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး